# မွန်ပြည်နယ်စာကြည့်တိုက်များဥပဒေ
## (၂၀၂၀ ပြည့်နှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)
## ၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
## (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အနက်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်စာကြည့်တိုက်များဥပဒေ ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော ပြည်နယ် သို့မဟုတ် မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(စ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကို ဆိုသည်၊

(ဆ) **ပြည်နယ်ဦးစီးမှူး** ဆိုသည်မှာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်နယ်ဦးစီးမှူးကို ဆိုသည်၊

(ဇ) **မြို့နယ်ဦးစီးမှူး** ဆိုသည်မှာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြို့နယ်ဦးစီးမှူးကို ဆိုသည်၊

(ဈ) **စာကြည့်တိုက်** ဆိုသည်မှာ ပြည်နယ်အတွင်း အများပြည်သူ စာပေဖတ်ရှုရန် သို့မဟုတ် ငှားရမ်းရန် ဖွင့်လှစ်ထားရှိသည့် နေရာ သို့မဟုတ် အဆောက်အအုံကို ဆိုသည်၊ ယင်းစကားရပ်တွင် အများပြည်သူတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်၊ စာဖတ်ခန်း၊ စာကြည့် အသင်းနှင့် အများပြည်သူတို့ စာပေဖတ်ရှုရန် သို့မဟုတ် ငှားရမ်းရန် ရည်ရွယ် ဖွင့်လှစ် ထားသော သို့မဟုတ် စာကြည့်တိုက်အဖြစ် အသိအမှတ်ပြုထားသည့် အခြား အလားတူ နေရာ၊ အခန်း၊ အဆောက်အအုံများနှင့် ရွေ့လျားမော်တော်ယာဉ်များ၊ အင်တာနက်စနစ်သုံး စာကြည့်တိုက်(e-library)များ လည်း ပါဝင်သည်၊

(ည) **စာပေ** ဆိုသည်မှာ မည်သည့်ဘာသာဖြင့်မဆို ရေးသားထားသည့် သို့မဟုတ် ပုံနှိပ်ထားသည့် လက်ရေးစာ၊ ပေစာ၊ ပုရပိုဒ်စာ၊ ကျောက်စာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်စာ၊ စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်း၊ စာရွက်အပြင် တသီးတခြား ချုပ်လုပ်ပုံနှိပ်ထားသည့် သို့မဟုတ် ကျောက်ပုံနှိပ်ထားသည့် သို့မဟုတ် အခြားနည်းပညာဖြင့် ပြုလုပ်ထားသည့် ရုပ်သံဖိုင်များ၊ စာပေအနုပညာ လက်ရာများ၊ မြေပုံနှင့် ပုံစံ စသည့် စာပေပစ္စည်းများအားလုံးကို ဆိုသည်၊

(ဋ) **စာကြည့်တိုက်လုပ်ငန်း** ဆိုသည်မှာ စာကြည့်တိုက်အဖြစ်တည်ထောင်ခြင်း၊ စာကြည့်တိုက်သုံး စာပေများအား ဝယ်ယူစုဆောင်းခြင်း၊ လက်ခံခြင်းနှင့် စာရင်းဇယားပြုစုထိန်းသိမ်းခြင်း၊ စာပေများဖတ်ရှုလေ့လာခွင့်ပြုခြင်း၊ ငှားရမ်းခွင့်ပြုခြင်း၊ ကူးယူခွင့်ပြုခြင်း၊ စာပေအသိပညာပြန့်ပွားရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ စာကြည့်တိုက်တွင်အသုံးပြုရန် ရန်ပုံငွေထူထောင်ခြင်း၊ စုဆောင်းခြင်း၊ လက်ခံခြင်း၊ စနစ်တကျသုံးစွဲခြင်းများနှင့် စာကြည့်တိုက်မှူးနှင့်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးခြင်း စသည့်လုပ်ငန်းတို့ကို ဆိုသည်၊

(ဌ) **စာကြည့်တိုက်မှူး** ဆိုသည်မှာ သက်ဆိုင်ရာစာကြည့်တိုက်တွင် စာကြည့်တိုက် လုပ်ငန်းဝန်ဆောင်မှုများကို စီမံခန့်ခွဲဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဍ) **တည်ထောင်သူ** ဆိုသည်မှာ ပုဂ္ဂလိကပိုင်အနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းပိုင်အနေ ဖြင့်ဖြစ်စေ စာကြည့်တိုက်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်၊

(ဎ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ သက်ဆိုင်ရာစာကြည့်တိုက်အား ဤဥပဒေအရ အသိအမှတ်ပြုထုတ်ပေးထားသည့် အသိအမှတ်ပြုလွှာကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူလူထုမှ အသိပညာဗဟုသုတများ ရှာဖွေရယူနိုင်သည့် အဆင့်အတန်း၊ အရည်အသွေးမြင့်မားသော စာကြည့်တိုက်များ ပေါ်ထွန်းလာစေရန်၊

(ခ) စာကြည့်တိုက်များ စနစ်တကျတည်ထောင်ဖွင့်လှစ်နိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောကူညီပံ့ပိုးမှုများ ရရှိစေရန်၊

(ဂ) စာကြည့်တိုက်များအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရန်၊

(ဃ) စာကြည့်တိုက်နှင့် စာပေအသိပညာပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများ စနစ်တကျ ဖြစ်စေရန်၊

(င) နိုင်ငံတကာ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကူညီပံ့ပိုးမှုကို ရရှိစေရန်၊

(စ) စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ပြည်နယ်၏ သုတေသနဆိုင်ရာလုပ်ငန်းများအား အထောက်အကူပြုစေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်သူ သို့မဟုတ် ပညာရှင် | ဒုတိယ ဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သောဝန်ထမ်း (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ပညာရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်သောဝန်ထမ်း (၁) ဦး | အဖွဲ့ဝင် |
| (င) | ပြည်နယ် စာကြည့်တိုက်အသင်းကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (စ) | ပြည်နယ် စာပေထုတ်ဝေသူများနှင့် ဖြန့်ချီသူများအဖွဲ့မှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |

(ဇ) စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့လုပ်ကိုင်နေသူ သို့မဟုတ် စိတ်ဝင်စားသူ ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်

(ဈ) ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး အတွင်းရေးမှူး

၅။ အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီကို ပုဒ်မ ၄ နှင့်အညီ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

(က) စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်သူ သို့မဟုတ် ပညာရှင် ဥက္ကဋ္ဌ

(ခ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ (၁)ဦး ဒုတိယ ဥက္ကဋ္ဌ

(ဂ) မြို့နယ်ပညာရေးဌာန၊ လက်ထောက်ပညာရေးမှူး (၁) ဦး အဖွဲ့ဝင်

(ဃ) မြို့နယ်စာပေအသင်းအဖွဲ့မှ ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်

(င) မြို့နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်

(စ) စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့လုပ်ကိုင်နေသူ သို့မဟုတ် စိတ်ဝင်စားသူ ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်

(ဆ) မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး အတွင်းရေးမှူး

၇။ ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြို့နယ်ကော်မတီကို ပုဒ်မ ၆ နှင့်အညီ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကော်မတီများ၏ သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

## အခန်း (၄)

## ကော်မတီများ၏ လုပ်ငန်းတာဝန်များ

၉။ ပြည်နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သော မူဝါဒများ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊

(ခ) စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နည်းပညာများနှင့် အခြားအကူအညီထောက်ပံ့မှုများ ရရှိစေရေးအတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဂ) အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် တင်ပြလျှောက်ထားခြင်းများကို စိစစ်၍ သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊

(ဃ) အသိအမှတ်ပြုလက်မှတ်ရ စာကြည့်တိုက်များ၏ လိုက်နာဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များကို အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ရေးဆွဲသတ်မှတ် ထုတ်ပြန်ခြင်း၊

(င) အသိအမှတ်ပြုလက်မှတ်ရ စာကြည့်တိုက်များ၏ ခံစားခွင့်၊ အခွင့်အရေးနှင့် အထောက်အပံ့များ ရရှိစေရေး အတွက် ကူညီဆောင်ရွက်ခြင်း၊

(စ) အသိအမှတ်ပြုလက်မှတ်ရ စာကြည့်တိုက်များ၏ စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များအား ရေးဆွဲထုတ်ပြန်ပေးခြင်း၊

(ဆ) အသိအမှတ်ပြုလက်မှတ်အား သက်တမ်းတိုးခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားခြင်းများကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊

(ဇ) အသိအမှတ်ပြုလက်မှတ်ရ စာကြည့်တိုက်များ၏ စာကြည့်တိုက်လုပ်ငန်းနှင့် ဆက်စပ်သည့် စာပေပြပွဲပြိုင်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာပေပွဲတော်များနှင့် အခြားစာပေပြန့်ပွားရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား စနစ်တကျဖြစ်စေရေးအတွက် ကြီးကြပ်လမ်းညွှန်ခြင်းနှင့် ကူညီပံ့ပိုးခြင်း၊

(ဈ) အသိအမှတ်ပြုလက်မှတ်ရ စာကြည့်တိုက်များ၏ လုပ်ငန်းအောင်မြင်တိုးတက်မှု အဆင့်အတန်းအလိုက် စံနှုန်းများကို ရေးဆွဲသတ်မှတ်အတည်ပြုခြင်း၊ လုပ်ငန်းအောင်မြင်မှုအရ ဂုဏ်ပြုလွှာ များ၊ ဆုတံဆိပ်များ ချီးမြှင့်ဂုဏ်ပြုခြင်း၊

(ည) အသိအမှတ်ပြုလက်မှတ်ရ စာကြည့်တိုက်များ၏ ဘဏ္ဍာရန်ပုံငွေ စီမံခန့်ခွဲမှုများအား သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) အစိုးရအဖွဲ့ကပေးအပ်သည့် စာကြည့်တိုက်လုပ်ငန်းများနှင့်သက်ဆိုင်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဌ) စာကြည့်တိုက်များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာထိခိုက်မှု မဖြစ်ပေါ်စေရေး အတွက် ကာကွယ်တားဆီးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

၁၀။ မြို့နယ်ကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် လွှဲပြောင်းခြင်း စသည့်ကိစ္စရပ်များအား စိစစ်၍ ပြည်နယ်ကော်မတီသို့ တင်ပြခြင်း၊

(ခ) စာကြည့်တိုက်နှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) စာကြည့်တိုက်နှင့် ယင်းပရဝဏ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် အနှောင့် အယှက် အတားအဆီးများမရှိစေရေးနှင့် ထိခိုက်ပျက်စီးစေမည့်အန္တရာယ်မှ ကင်းဝေးစေရေး အတွက် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် စာကြည့်တိုက်များ၏ အခွင့်အရေးဆိုင်ရာ ခံစားခွင့်များ အပြည့်အဝရရှိရေးအတွက် ကူညီပံ့ပိုးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) စာကြည့်တိုက်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်းများ ရေးဆွဲ၍ ပြည်နယ်ကော်မတီသို့ တင်ပြအကြံပြုခြင်း၊

(စ) ပြည်နယ်ကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုများနှင့်အညီ မြို့နယ်အတွင်းရှိ စာကြည့်တိုက်လုပ်ငန်းကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) မြို့နယ်အတွင်းရှိ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် စာကြည့်တိုက်များတွင် ကျင်းပဆောင်ရွက်သည့် စာပေပြပွဲပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေပွဲတော်၊ စာပေ စကားဝိုင်းနှင့် အခြားစာပေအသိပညာပြန့်ပွားရေးဆိုင်ရာလှုပ်ရှားမှုများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးခြင်း၊

(ဇ) မြို့နယ်အတွင်းရှိ စာကြည့်တိုက်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာမြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ လူမှုအဖွဲ့အစည်း များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဈ) စာကြည့်တိုက်အသုံးပြုသူများ လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းသတ်မှတ်ချက် များကို ရေးဆွဲ၍ ပြည်နယ်ကော်မတီ၏ အတည်ပြုချက်နှင့်အညီ ထုတ်ပြန်ခြင်း။

## အခန်း (၅)
## အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း

၁၁။ တည်ထောင်သူသည် အသိအမှတ်ပြုလက်မှတ် ရရှိရေးအတွက် သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ကော်မတီသို့ လျှောက်ထားရမည်။

၁၂။ မြို့နယ်ကော်မတီသည် ပုဒ်မ ၁၁ နှင့်အညီ လျှောက်ထားလာသည့် လျှောက်လွှာကို စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ပြည်နယ်ကော်မတီသို့ (၁၅) ရက်အတွင်း တင်ပြရမည်။

၁၃။ ပြည်နယ်ကော်မတီသည် ပုဒ်မ ၁၂ နှင့်အညီ မြို့နယ်ကော်မတီမှ တင်ပြလာသည့် လျှောက်လွှာများကို သတ်မှတ်ချက်များနှင့်ကိုက်ညီပါက (၁၅) ရက်အတွင်း ပြည်နယ်ဦးစီးမှူးမှ တစ်ဆင့် အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်၊

၁၄။ ပြည်နယ်ကော်မတီသည် ပုဒ်မ ၁၂ နှင့်အညီ မြို့နယ်ကော်မတီမှ တင်ပြလာသည့် လျှောက်လွှာများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း သို့မဟုတ် ပြင်ဆင်၍ ပြန်လည်တင်ပြစေခြင်း ပြုနိုင်သည်။

၁၅။ ပြည်နယ်ကော်မတီသည် ပုဒ်မ ၁၃ အရ ထုတ်ပေးလိုက်သည့် အသိအမှတ်ပြုလက်မှတ် ၏ ကာလအပိုင်းအခြားကို သတ်မှတ်ရမည်။

၁၆။ တည်ထောင်သူသည် အသိအမှတ်ပြုလွှာ သက်တမ်းတိုးရန်အတွက် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ ပုဒ်မ ၁၁ နှင့်အညီ မြို့နယ်ကော်မတီမှတစ်ဆင့် တင်ပြလျှောက် ထားရမည်။

၁၇။ အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ လွှဲပြောင်းခြင်းတို့နှင့် စပ်လျဉ်းပြီး အခမဲ့ ဆောင်ရွက်ပေးရမည်။

၁၈။ တည်ထောင်သူသည် အသိအမှတ်ပြုလက်မှတ်ရ စာကြည့်တိုက်ကို မိမိဆန္ဒအလျောက် ဆက်လက်လုပ်ကိုင်လိုခြင်း မရှိသည့်အခါဖြစ်စေ၊ အသိအမှတ်ပြုလက်မှတ်အား ရုပ်သိမ်းခံရသည့်အခါဖြစ်စေ ရရှိထားသည့် အသိအမှတ်ပြုလက်မှတ်အား သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ကော်မတီမှတစ်ဆင့် ပြည်နယ်ကော်မတီသို့ တင်ပြအပ်နှံရမည်။

## အခန်း (၆)

## အသိအမှတ်ပြုလက်မှတ်ရရှိထားသူ၏ အခွင့်အရေးနှင့် တာဝန်များ

၁၉။ အသိအမှတ်ပြုလက်မှတ်ရရှိထားသူသည် အောက်ဖော်ပြပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည် -

(က) နိုင်ငံတော်အစိုးရ၊ ပြည်တွင်းပြည်ပ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ စာပေအသင်းအဖွဲ့များ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ကူညီပံ့ပိုးသည့် စာအုပ်စာပေများ၊ စာကြည့်တိုက်လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် ငွေကြေးအထောက်အပံ့များ ရယူလက်ခံခွင့်ရှိခြင်း၊

(ခ) စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေသည့် အခက်အခဲအကြပ်အတည်းများအား မြို့နယ်ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြအကူအညီ တောင်းခံခွင့်ရှိခြင်း၊

(ဂ) စာကြည့်တိုက်လုပ်ငန်းနှင့်စပ်လျဉ်းသော စာပေအသိပညာပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် စာပေပြပွဲပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေပွဲတော်၊ စာပေနှီးနှောဖလှယ်ပွဲနှင့် စာပေစကားဝိုင်းများကို သက်ဆိုင်ရာမြို့နယ်ကော်မတီများ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဃ) စာကြည့်တိုက်လုပ်ငန်းတွင် သုံးစွဲရန် လက်ခံရရှိသည့် မတည်ငွေ၊ အလှူငွေနှင့် ကူညီထောက်ပံ့ငွေများကို စာကြည့်တိုက်ရန်ပုံငွေအဖြစ် ဘဏ်စာရင်းဖွင့်လှစ်၍ စုဆောင်းခွင့်၊ ထုတ်ယူသုံးစွဲခွင့်ရှိခြင်း၊

(င) မိမိတို့၏ စာကြည့်တိုက်နှင့်သက်ဆိုင်သည့် ကိုယ်ပိုင်အမည်၊ တံဆိပ်၊ အမှတ်သင်္ကေတတို့ကို သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(စ) စာကြည့်တိုက်လုပ်ငန်း အောင်မြင်တိုးတက်မှုနှင့်စပ်လျဉ်း၍ အဆင့်အတန်း သတ်မှတ်ခံယူခွင့်နှင့် ဂုဏ်ပြုချီးမြှင့်သော ဆုတံဆိပ်များ၊ ဂုဏ်ပြုလွှာများကို လက်ခံရယူခွင့်ရှိခြင်း၊

(ဆ) အသိအမှတ်ပြုလက်မှတ်အား သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်နှင့် လက်ခံခွင့်ရှိခြင်း၊

(ဇ) သက်ဆိုင်ရာစာကြည့်တိုက်လုပ်ငန်းအား တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်မည့် စာကြည့်တိုက်မှူးပါဝင်သည့် လုပ်ငန်းကော်မတီ သို့မဟုတ် အဖွဲ့ကို ဖွဲ့စည်းခြင်း။

၂၀။ အသိအမှတ်ပြုလက်မှတ်ရရှိထားသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာ မြို့နယ်ကော်မတီများ၊ ဦးစီးဌာနများက အခါအားလျော်စွာ ကြီးကြပ်စစ်ဆေးမှု၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်မှုတို့ကို လက်ခံရမည်၊

(ဂ) အသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးခြင်း၊ လွှဲပြောင်းခြင်းများကို သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဃ) စာကြည့်တိုက်နှင့် သက်ဆိုင်သည့် စာပေများ၊ ပရိဘောဂများနှင့် အခြားဆက်စပ်ပစ္စည်းများအား စာရင်းဇယားပြုစု၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၂၁။ အသိအမှတ်ပြုလက်မှတ်ရရှိထားသူသည် စာကြည့်တိုက်ရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း ပြီး အောက်ပါအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရမည် -

(က) စာကြည့်တိုက်ရန်ပုံငွေအဖြစ် ကူညီထောက်ပံ့လှူဒါန်းမှုများအား လက်ခံရယူခြင်း၊ စုဆောင်းခြင်းနှင့် သုံးစွဲခြင်း စသည့်စာရင်းဇယားများ ပြုစုထားရှိရန်၊

(ခ) စာကြည့်တိုက်ရန်ပုံငွေကို သက်ဆိုင်ရာစာကြည့်တိုက်၏ အမည်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်၍ စုဆောင်းရန်၊

(ဂ) စာကြည့်တိုက်ရန်ပုံငွေ ထုတ်ယူသုံးစွဲဆောင်ရွက်မှုများကို စာရင်းဇယားဖြင့် မြို့နယ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ပုံမှန်တင်ပြရန်။

## အခန်း (၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ အသိအမှတ်ပြုလက်မှတ်ရရှိထားသူသည် ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ ပါ တာဝန်တစ်ရပ်ရပ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပြည်နယ်ကော်မတီသည် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း သို့မဟုတ် ကတိခံဝန်ချက် ပြုစေခြင်း၊

(ခ) ဒဏ်ကြေးငွေများ ပေးဆောင်စေ၍ ခွင့်ပြုခြင်း၊

(ဂ) အသိအမှတ်ပြုလက်မှတ်ကို ကာလအပိုင်းအခြားဖြင့် ယာယီဆိုင်းငံ့ခြင်း၊

(ဃ) အသိအမှတ်ပြုလက်မှတ်အား သက်တမ်းတိုးခွင့် ရပ်ဆိုင်းခြင်း၊

(င) အသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း။

၂၃။ ပြည်နယ်ကော်မတီမှ ဆုံးဖြတ်သော စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် တစ်ရပ်ရပ်အပေါ် ကျေနပ်မှုမရှိပါက ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၄။ အစိုးရအဖွဲ့သည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ကော်မတီ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းတို့ကို ပြုနိုင်သည်။

၂၅။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၈)
## တားမြစ်ချက်များ

၂၆။ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် စာကြည့်တိုက်နှင့် ယင်းပရဝဏ်အတွင်း –

(က) မည်သူမျှ အေးချမ်းစွာစာဖတ်နေသူများကို အနှောင့်အယှက်ဖြစ်စေရန် ဆူပူခြင်း၊ မူးယစ်ရမ်းကားခြင်းနှင့် တစ်နည်းနည်းဖြင့် ဆူညံစေခြင်းများ မပြုလုပ်ရ၊

(ခ) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ စာကြည့်တိုက်လုပ်ငန်းနှင့် မသက်ဆိုင်သည့်အခြား လုပ်ငန်းများ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၇။ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် စာကြည့်တိုက်အတွင်း –

(က) မည်သူမျှ စာကြည့်တိုက်ပိုင် စာပေများ၊ ပရိဘောဂပစ္စည်းများ၊ အခြားဆက်စပ် ပစ္စည်းများအား ဖျက်ဆီးခြင်း၊ တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်းများ မပြုရ၊

(ခ) မည်သူမျှ ညစ်ညမ်းစာပေများ၊ တားမြစ်ပိတ်ပင်ထားသည့် စာပေများနှင့်အခြား ပစ္စည်းကိရိယာများကို ထားရှိခြင်းမပြုရ။

၂၈။ မည်သူမျှ စာကြည့်တိုက်ပိုင်မြေနေရာ၊ အဆောက်အဦးနှင့် စာကြည့်တိုက်ပိုင်ပစ္စည်းများကို အလွဲသုံးစားမပြုရ။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၉။ မည်သူမဆို ပုဒ်မ ၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသောင်း)ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၁) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)ထက် မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၀)
## အထွေထွေ

၃၂။ ပြည်နယ်အတွင်းရှိ အစိုးရဌာနအဖွဲ့အစည်းမှဖြစ်စေ၊ ပညာရေးဌာနနှင့် သက်ဆိုင်သော အခြေခံပညာရေးကျောင်းများ၊ အဆင့်မြင့်ကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များမှ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးနှင့်ဖြစ်စေ၊ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဖြစ်စေ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၃။ ဤဥပဒေမပြဋ္ဌာန်းမီက စာကြည့်တိုက်နှင့်စပ်လျဉ်းပြီး ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၄။ ဤဥပဒေပါ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ တို့နှင့်စပ်လျဉ်းသည့် ပြစ်မှုများသည် ရဲအရေးပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မတီဝင်များ၏ စရိတ်ချီးမြှင့်ငွေနှင့် ဤဥပဒေအရ ကော်မတီက ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံနိုင်သည်။

၃၆။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) ပြည်နယ်ကော်မတီသည် အသိအမှတ်ပြုလက်မှတ်ရစာကြည့်တိုက်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဒေါက်တာအေးဇံ

ဝန်ကြီးချုပ်

ပြည်နယ်အစိုးရအဖွဲ့